Bibliographic Data

Author	ကြန် ၊ ဒေါ်	KYAN, Daw	Kran‘ , Do‘	**Art.** MK0028

Article Title ဂျပန်ခေတ် မြို့တော် ရန်ကုန်
(City of Yangon in Japanese Period)
Gya pan‘ khet‘ mrui' to¯ Ran‘ kun‘

Title (Book/Serial) မြဝတီ
Myawaddy

Issue and Volume Vol. 35 , No. 6

Edition

Place/ Publisher

Distributor

Ed. Date April. 1987

Pagination p. 91 - 97

Annotation About the administration of Yangon city during the Japanese occupation period (1942 - 1945); Describes how Yangon City Development Committee was organized.

Subject Terms
1. Yangon - History - Japanese Occupation (1942 - 1943)
2. Myanmar - Politics and government
3. Streets - Yangon

Key Words
1. Yangon - Administration
2. Myanmar - Administration
3. Streets

ဂျပန်ခေတ်မြို့တော်ရန်ကုန်

မကြန်

ဒုတိယကမ္ဘာစစ်နှင့် ရန်ကုန်

အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ၁၉၄၁-ခု ဒီဇင်ဘာလ ၇-ရက်နေ့တွင် ဂျပန်တို့က ဗုံးကြဲတိုက်ခိုက်လိုက်ခြင်းဖြင့် ဒုတိယ ကမ္ဘာ စစ်သည် အရှေ့တောင် အာရှသို့ ကူးစက်လာတော့သည်။ မြန်မာ နိုင်ငံ၏ မြို့တော် ဖြစ်သော ရန်ကုန်မြို့ကို ၁၉၄၁-ခု ဒီဇင်ဘာလ ၂၃-ရက်နေ့တွင် ဂျပန်တို့ကပထမဆုံးအကြိမ် ဗုံးကြဲကြသည်။ ဤသို့ဖြင့် ရန်ကုန်မြို့သည် ဒုတိယ ကမ္ဘာစစ် ဒဏ်ကို ပထမဆုံးအကြိမ်ခံစားလိုက်ရသည်။ ဂျပန်တို့က ဒီဇင်ဘာလ ၂၅-ရက်နေ့တွင် ဒုတိယအကြိမ် ဗုံးထပ်ကြဲသောအခါ အတွင်းဝန်များ ရုံးကို ပြည်လမ်းရှိ ဆရာဖြစ်သင်ကောလိပ်သို့ ပြောင်းရွှေ့ ဖွင့်လှစ်ရသည်အထိ အခြေအနေ ဆိုးလာသည်။ စစ်၏ဒဏ်ကြောင့်အုပ်ချုပ်ရေးလုပ်ငန်းများပျက်ပြားလာ၍ရန်ကုန်ထောင်မှ အကျဉ်းသားများကို ထောင်ဖွင့်၍ လွှတ်လိုက်ရသကဲ့သို့ စိတ္တဇရောဂါသည်များအား အရူးထောင် ဖွင့်၍ လွှတ်လိုက် ရသည်။ ရန်ကုန်မြို့၏ အခြေအနေသည် မတည်မငြိမ် ရှိလှသည်။

တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသည့်အတိုင်း အခြေအနေပျက်ကို အခွင့်ကောင်းယူ၍ လုယက်တိုက်ခိုက်မှုများ ရှိလာ၍ စစ်တပ်က သေနတ်ဖြင့် ပစ်ခတ် နှိမ်နင်းရသည်အထိ ဖြစ်လာသည်။ ထိုသို့ အခြေအနေဆိုးရွားလာသည့်အပြင် ၁၉၄၂-ခု ဖေဖော်ဝါရီလ ၂၂-ရက်နေ့ကို နောက်ဆုံး ထား၍ မြို့သူမြို့သားများ ရန်ကုန်မြို့မှ ထွက်ခွာသွားကြရမည်ဟုရန်ကုန်မြို့စောင့်တပ်က ဖေဖော်ဝါရီလ ၂၀-ရက်နေ့တွင် အမိန့် ထုတ်လိုက်သောအခါ မြို့သူမြို့သား အများစုသည် ရန်ကုန်မြို့မှ တိမ်းရှောင် ထွက်ခွာ သွားကြသဖြင့် ရန်ကုန်မြို့ ခြောက်ကပ် သွားလေသည်။

အစိုးရအရာရှိများသည်ဖေဖော်ဝါရီလ ၂၂-ရက်နေ့ညတွင်ရန်ကုန်မှ ထွက်ခွာကြရသည်။ ဘုရင်ခံနှင့် ဝန်ကြီးများ၊အင်္ဂလိပ်အရာရှိများလည်း မတ်လ ၁-ရက်နေ့ နံနက် ၈-နာရီတွင် ရန်ကုန်မြို့ကို စွန့်ခွာ သွားကြသည်။ ထိုသို့ အထွက်တွင် အင်္ဂလိပ်တို့က မြေလှန်စနစ်အရဖျက်ဆီးရေးလုပ်ငန်း များ ကို လုပ် ကြ သောကြောင့် ရန်ကုန် တစ်မြို့လုံး နီးပါးမီးဟုန်းဟုန်း တောက်သည့်အဖြစ်နှင့် ကြုံရသည်။ သန်လျင်ရေနံချက်စက်ရုံကို အင်္ဂလိပ်တို့က မီးရှို့ ဖောက်ခွဲဖျက်ဆီးကြသည်။ ဤသို့ဖြင့် ရန်ကုန်မြို့သည် စစ်၏ အနိဋ္ဌာရုံကို လှလှကြီး ခံစားခဲ့ရသည်။ ရန်ကုန်မြို့ ဖျက်ဆီးရေးကို တာဝန်ယူ ရသူများသည် ၁၉၄၂-ခု မတ်လ ၇-ရက်နေ့ ည ၈-နာရီတွင်ရန်ကုန်မြို့မှပြည်ဘက်သို့ မီးရထားဖြင့်ထွက်ခွာသွားကြသည်။



ထိုရထားသည့်စစ်အတွင်း ရန်ကုန်မြို့မှ နောက်ဆုံး ထွက်ခွာသွားသော အင်္ဂလိပ် မီးရထား ဖြစ်လေသည်။

ဂျပန်ခေတ် ရန်ကုန်

ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်များက ရန်ကုန်မြို့ကို ၁၉၄၂-ခုမတ်လဆန်းတွင် သိမ်းယူကြသည်။ မတ်လ ၂၅-ရက်နေ့တွင် ယခု အောင်ဆန်းကွင်းဟုခေါ်သော ဘီအေအေ ဘောလုံးကွင်း၌ ဗမာ့လွတ်လပ်ရေး တပ်မတော်၏ စစ်ရေးပြ အခမ်းအနား ကျင်းပသည်။ ထို့နောက် သခင်ထွန်းအုပ် ခေါင်းဆောင်သော မြန်မာ နိုင်ငံ ဗဟိုအစိုးရရုံးကို ရန်ကုန်မြို့ အမှတ် (၈) ကိုယ့်မင်း ကိုယ့်ချင်း လမ်း တွင် ဖွင့်လှစ်၍ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းရန် ကြိုးပမ်းသည်။ သို့သော် ဂျပန်တပ်မတော်က စစ်အုပ်ချုပ်ရေး ထူထောင်လိုက်ကာ စစ်အုပ်ချုပ်ရေး ဌာနချုပ်ကို ရန်ကုန်မြို့တွင်ပင် ဖွင့်လှစ်လိုက်သည်။

ရန်ကုန်မြို့ကို ဗမာ့တပ်မတော်က သိမ်းယူပြီးစ ရန်ကုန်မြို့တော် အုပ်ချုပ်ရေး ကော်မတီကို ၁၉၄၂-ခု မတ်လ ၂၃-ရက် နေ့ တွင် ဖွဲ့ စည်းသည်။ ထို့နောက် ဧပြီလ အတွင်းတွင် ဂျပန်တပ်မတော်က ရန်ကုန်မြို့တော် ထိန်းသိမ်းရေးအဖွဲ့ (The Rangoon Public Peace Maintenance Association)ကို ဖွဲ့ပေးသည်။ ထိုအဖွဲ့က ရန်ကုန်မြို့တော် အုပ်ချုပ်ရေးကို တာဝန်ယူရသည်။ သို့သော် ၁၉၄၂-ခု စက်တင်ဘာလ ၂၆-ရက်နေ့တွင် ရန်ကုန်မြို့တော် မြူနီစီပယ်ကော်ပိုရေးရှင်းကို ဖွဲ့စည်းလိုက်သောအခါ မြို့တော်ထိန်းသိမ်းရေးအဖွဲ့သည် ဒီလို အလျောက် ဖျက်သိမ်းပြီး ဖြစ်သွားသည်။ ထို့နောက် တစ်ဖန် နေပြည်တော် စည်ပင်ရေး ပြုပြင်ရေး အဖွဲ့ကို ဖွဲ့သည်။ ဂျပန် တစ်ခေတ်လုံးတွင် ထိုအဖွဲ့ကပင် ရန်ကုန်မြို့တော်၏ မြူနီစီပယ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရန်ကုန်နေပြည်တော် စည်ပင်ရေးအဖွဲ့

ရန်ကုန် နေပြည်တော် စည်ပင်ရေးအဖွဲ့တွင် ဒေါက်တာ ဦး ဆက် (ဘီ အေ အယ်လ် အယ်လ် ဒီ) ကို နေပြည်တော် ဝန် အဖြစ် ခန့်ထားသည်။ ထိုအဖွဲ့တွင်....

၁။ လမ်းနှင့် အဆောက်အအုံဘက်ဆိုင်ရာ လက်ထောက်အရာရှိ
၂။ ရေနှင့် မိလ္လာဘက် ဆိုင်ရာ လက်ထောက်အရာရှိ
၃။ ကျန်းမာရေး လက်ထောက်အရာရှိ
၄။ ခရီးသည်တင်ဆောင်သယ်ယူရေး လက်ထောက်အရာရှိ
၅။ လက်ထောက် အခွန်တော်ရာဖြတ်
၆။ စာရင်းနှင့် စာရင်းစစ် လက်ထောက် အရာရှိ
၇။ အခွန်တော် ကောက်ခံရေးအရာရှိ
၈။ ဝက်သတ်ရုံ တာဝန်ခံအရာရှိ
၉။ လက်ထောက် ဈေးအရာရှိ

တို့ ပါဝင်သည်။ ထိုရာထူးများသည် ပြည်သူ့အကျိုးနှင့် အထူးသက်ဆိုင်သော ရာထူး များ ဖြစ် ကြောင်း ကြေညာ၍ ဦးခင်မောင်ရင် (ဘီအက်စီ၊ အိုင်စီအက်ဝတ်လုံတော်ရ) ကို နေပြည်တော် စည်ပင်ရေးအဖွဲ့ အုပ်ချုပ်ရေး မှူးအဖြစ် ခန့်သည်။ ဦးမျိုးစင် (ဝတ်လုံတော်ရ) ကို အတွင်းရေးမှူးအဖြစ် ၁၉၄၂-ခု စက်တင်ဘာလ ၁၉-ရက်နေ့ ကြေညာချက်ဖြင့် ခန့်ထားသည်။ နေပြည်တော်စည်ပင်ရေးအဖွဲ့၏ ရုံးသုံး ဘာသာစကားသည် ဗမာ ဘာသာဖြစ်ရမည်ဟု ပြဌာန်းသည်။

ထိုသို့ အသီးသီး ခန့် ထားပြီးနောက် ရန်ကုန် နေပြည်တော် စည်ပင်ရေးအဖွဲ့ ဖွင့်ပွဲကို ၁၉၄၂-ခု စက်တင်ဘာလ ၂၆-ရက် နေ့ တွင် ကျင်းပသည်။ ထို အခမ်းအနားသို့ မြန်မာပြည်ရှိ နိပ္ပွန် စစ်သေနာပတိကြီးလက်ဖတင်နင်ဂျင်နရယ်အီးဒါး၊ ခေတ်သစ်အစိုးရဝန်ကြီးချုပ် ဒေါက်တာဘမော်နှင့် မြို့ပေါ်ရှိဂုဏ်သရေရှိ လူကြီးများတက်ရောက်ကြသည်။

ရန်ကုန်နေပြည်တော်စည်ပင်ရေး အဖွဲ့ဆိုင်ရာ တာဝန် ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များ စသည့် စီမံရေးရာ အသေးစိတ်ကို 'တစ်ချက်လွှတ် အမိန့်တော်'ဟူသော ခေါင်းစဉ်ဖြင့် ၁၉၄၂-ခု စက်တင်ဘာလ ၁၉-ရက်နေ့တွင် ဝန်ကြီးချုပ် ဒေါက်တာဘမော်က ထုတ်ပြန် ကြေညာသည်။

စစ်တွင်း ရန်ကုန် နေပြည်တော် စည်ပင်ရေးအဖွဲ့၏ တာဝန် ထမ်းဆောင်ရေးအခက်အခဲနှင့် ရန်ကုန်နေပြည်တော် စည်ပင်ရေးအခြေအနေကို ၁၉၄၂-ခု နိုဝင်ဘာလ ၂၅-ရက်နေ့ ဗမာ့ခေတ်သစ်အစိုးရပညာ ကျန်းမာ စည်ပင်သာယာရေးဌာန ဝန်ကြီး ဦးဘဝင်း၏အသံလွှင့် မိန့်ကြားချက်ဖြင့် အကဲခတ် နိုင်သည်။ ဦးဘဝင်းက-

> နေပြည်တော် ဝန်နှင့် တကွဆိုင်ရာ အမှုထမ်း အရာထမ်းတို့ကလည်း ရန်ကုန်မြို့ကြီးကို စည်ကားအောင်ကျန်းမာရေးနှင့် တကွရေများလုံလုံလောက်လောက် ရနိုင်အောင် အထူး ကြိုးစား

ဆောင် ရွက်နေတဲ့ အကြောင်း မျက်မြင်ဘဲ ဖြစ်ကြပါလိမ့်မယ်။ ကျန်းမာ ရေးအတွက် တိုင်းသူပြည်သားများကို ကူညီရန်ပြောခဲ့တဲ့စကားမှာ ရန်ကုန် နေပြည်တော်သူနေပြည်တော်သားများ အတွက် သာပြီးတော့အရေးကြီးပါတယ်။ ရန်ကုန်မြို့ကြီးကတော့ လူကလည်း များ၊ အိမ်ချင်း ကလည်းကပ်ပြီးနေတော့ သန့်ရှင်းစွာနေကြဖို့ မြို့တော်သူ မြို့တော်သားအပေါ်မှာ ပိုပြီးတော့ တာဝန်ကြီးပါတယ်။အခုနေအခါမှာ အမှိုက်သယ်တဲ့မော်တော်ကားများလည်းလုံလောက်အောင်မရှိလို့နယ်ကန္တားလှည်းတွေ ခေါ်ထားပြန်တော့လည်း လိုသလောက် မရ၊ အဲ သည်လို အခက်အခဲတွေ ရှိတော့ အိမ်တိုင်း အိမ်တိုင်း လူတိုင်းလူတိုင်း ကသန့်ရှင်းစင်ကြယ်ရေးကိုကူညီပြီးတော့ ဆောင်ရွက်ကြစေချင်ပါတယ်

ဟု မိန့်ကြားခဲ့သည်။

အောက်တိုဘာ၊ နိုဝင်ဘာ ဆောင်းဦးပေါက် လများတွင် ကူးစက်တတ်သော ရောဂါ ကျရောက်မည်ကို စိုးရိမ်သော စည်ပင်သာယာရေးအဖွဲ့သည်နေပြည်တော်သန့်ရှင်းရေးအတွက်ကူလီ၂၀၀၀-နှင့်လှည်း အစီး ၂၅၀-၄ား ရမ်း၍ 'လွန်စွာညစ်ပေလှသည့် လက်ရှိမြို့တော်ကြီး' ကို ရှင်းလင်းဆေးကြောမည်ဟုဆုံးဖြတ်ချက် ချကာ လုပ်ဆောင် ခဲ့ကြသည်။ဝန်ကြီး ဦးဘဝင်း၏ မိန့်ခွန်းအရသော် များစွာ အကောင် အထည်ပေါ်ခဲ့ဟန်မတူချေ။

ရန်ကုန် နေပြည်တော် ဈေးများတွင် မှန်ကန် သော အလေး တင်းတောင်း ချိန်ခွင်များအသုံးပြုစေရန် နေပြည်တော် စည်ပင်ရေး အဖွဲ့က ကြပ်မတ် စိစစ်သည်။ အလေးတင်းတောင်း မမှန်မကန် အသုံးပြုသော ဈေးသည်များကို ရုံးတင်တရားစွဲရန် အဖွဲ့က ဆုံးဖြတ်ဆောင်ရွက်သည်။

တရားရုံးများ

ရန်ကုန်မြို့ ငြိမ်ဝပ် ပိပြား ရေး၊ တရားရာဇဝတ် စီရင်ရေးတို့အတွက် ၁၉၄၂-ခုဇူလိုင်လအတွင်း ရန်ကုန်ပုလိပ်ရုံးကြီးနှင့် ရန်ကုန်မြို့မ တရားရုံးများကို ပြန်လည် ဖွင့် လှစ်သည်။ ရန်ကုန်ပုလိပ်ရုံးကြီးဖွင့်ပွဲကိုပုလိပ်ရုံးခန်းမကြီးတွင် ကျင်းပသည်။ ဂျပန်စစ်ဗိုလ်ကြီးများ၊ ဒေါက်တာဘမော်နှင့်တကွ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဟိုက်ကုတ်တရားဝန်ကြီးဟောင်းဦးမြဘူးနှင့် မြန်မာ ခေါင်းဆောင်ကြီးများ တက်ရောက်ကြသည်။ ထိုစဉ်က ရန်ကုန်မြို့မ ရုံး တော် အ တွက် ခန့်ထားသောတရားသူကြီးများမှာ-

၁။ ဦးချန်ထွန်းအောင်-ရန်ကုန်မြို့မ တရားသူကြီးချုပ်
၂။ ဦး သာ ဒင် ကြီး-စ မော် ကော် တရားသူကြီးချုပ်
၃။ ဦးစိန်ဗိုင်-ရန်ကုန်မြို့ တရားသူကြီးချုပ်
၄။ ဦးဇ မောင်-ရန် ကုန် မြို့ တော် တရားသူကြီး
၅။ ဦးခင်မောင်ကြီး- ၎င်း
၆။ ဦးအောင်ချိန်- ၎င်း
၇။ ဦးစံညွန့်-လက်ထောက် ရိစ္စရီအရာရှိ
၈။ ဦးဘထွန်း-အစိုးရ အမှု လိုက်အရာရှိ
၉။ ဦးလှကျော်-လက်ထောက်အမှုလိုက်အရာရှိ

တို့ ဖြစ်ကြသည်။ရာထူးခန့်ထား ခံရပြီးနောက် တရား သူကြီး များသည် ယခင်ဘုရင်ခံအိမ်တော်၌ကျမ်းသစ္စာကျိန်ဆိုကြရသည်။

ရန်ကုန်မြို့မရုံးတော်တည်ထောင်ဖွင့်လှစ်ခြင်း၊ ဟိုက်ကုတ်လွှတ်တော်တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို ဂျပန်စစ်သေနာပတိကြီး၏ စာ ချွန် ဖြင့် ပြ ဋ္ဌာန်း သည်။ ထို စာ ချွန် တွင် ဟိုက်ကုတ် လွှတ်တော်နှင့် ရန်ကုန်မြို့မ တရားရုံးတော်များသည် ယခင်စီရင်ပိုင်ခွင့် အာဏာများ အတိုင်း အခိုက်အတန့်တွင် စီရင်ပိုင်ခွင့် ရှိကြောင်းဖော်ပြထားသည်။ တရားရုံးတော်များအတွက် လိုက်နာရန်လုပ်ထုံးလုပ်နည်းများကို ဂျပန် စစ်သေနာပတိကြီးက 'တစ်ချက်လွှတ်အမိန့်တော်' နှစ်ရပ် ထုတ် ပြန် ၍ ပြဋ္ဌာန်းပေးသည်။

ပြန် လည် စည် ကား လာ သော ရန်ကုန်

စစ်အတွင်းရန်ကုန်သည်၁၉၄၂-ခုနှစ် အ တွင်း က လေယာဉ်ရန်ကိုကြောက်ရ သော် လည်း အရောင်းအဝယ်မပျက် အတန်သင့် စည်ကားနေသည်ဟုဆိုနိုင်သည်။ရုံးအသီးသီးဖွင့်လှစ်ခြင်း၊ဆေးရုံများဖွင့်လှစ်ခြင်း၊ အသင်းအပင်းများတည်ထောင်ခြင်းတို့သည် သာဓကများ ဖြစ်ကြသည်။ ဘားလမ်းရှိ မွတ်ဆလင် အခမဲ့ဆေးရုံကို ၁၉၄၂-ခု၊ နိုဝင်ဘာလ ၁-ရက်နေ့ ပြန်လည်ဖွင့်လှစ်သည်။ ယောကျ်ားလူနာ ၁၀၀-ခန့် ထားနိုင်မည့် စိတ္တဇဆေး ရုံ တစ်ရုံကို တံတားလေး၌ ဖွင့်လှစ်ရန် စီစဉ်ကြသည်။ နိုဝင်ဘာလ ၄-ရက်နေ့တွင် ရန်ကုန်မြို့ အေဝမ်းရပ်ရှင် ကုမ္ပဏီ တည်ရာဌာန အခန်းကြီး၌ အစည်းအဝေး တစ်ရပ် ကျင်းပ၍ မြန်မာပြည် ရုပ်ရှင်အသင်းကြီးကို တည်ထောင်ရန် အညီအညွတ် ဆုံးဖြတ်ကြသည်။ နေပြည်တော် ကန်တော်

မိတ် အသင်းတွင် စာရေး ဆရာ အသင်း ပထမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ၁၉၄၃-ခု၊ ဒီဇင်ဘာလ ၅-ရက်နေ့တွင် ကျင်းပကြသည်။ ရန်ကုန်မြို့ မေတ္တာစိန် ရုံကြီးတွင် စိန်မဟာသဘင် အဖွဲ့က ကပြ အသုံးတော်ခံသည်ကို မြို့သူမြို့သားတို့ ကြိတ် ကြိတ် တိုး သွား ရောက်ကြည့်ရှုကြသည်။

နေပြည်တော်ဘီအေအေ ဘောလုံးကွင်းတွင်လည်း ဘောလုံးပွဲများ စည်ကားလျှက်။ ဖရင်းယူနီယန် အသင်းနှင့် နိပ္ပွန်မင်းထွား အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖရင်းယူနီယန် အသင်းက ၄-ဂိုး ၁-ဂိုးဖြင့် အနိုင်ရသည်။နိုဝင်ဘာလ၆-ရက်နေ့တွင် နိပ္ပွန်ကျောင်းနှင့်ကြည့်မြင်တိုင် ဆိုရှယ်တို့ ယှဉ်ပြိုင် ကစားကြသည်။ ယခင် ၄-ပဲတန်းကို ၁၀-ဆင့်၊ ၈-ပဲတန်းကို ၂၅-ဆင့်၊ ၁-ကျပ်တန်းကို ဆင့်၅၀-ပေး၍ ဝင်ရောက်ကြည့်ရှု အားပေး ကြ သည်။ ရန် ကုန် မြို့ ကျိုက္ကဆံကွင်းကြီး အတွင်း၌ မြင်းကွင်း ပြန်လည် တည်ထောင်ရန် နိုဝင်ဘာလ ၈-ရက်နေ့တွင် လူပေါင်း ၅၀၀-ကျော် တက်ရောက်သော အစည်းအဝေးက ဆုံးဖြတ်အတည်ပြုကြသည်။ ရန်ကုန် တပ်ကလပ် အမည်ဟောင်းကို ရန်ကုန် မြင်းပြိုင် အသင်းဟု ပြောင်းလဲခေါ်တွင်ရန် သဘောတူကြသည်။

တန်ဆောင်တိုင်ပွဲတော်ရက်များတွင်လည်း အ စဉ် အ လာ မ ပျက် အတီးအမှုတ်၊ အကအခုန်များနှင့် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ပူဇော်ကြသည်။ ဘေးတွဲယာဉ်များ၊ မော်တော်ကားများ၊ မြင်းလှည်းများမှာ လူးလာ ခေါက်ပြန် ဘုရားဖူးများကို သယ် ယူ ပို့ဆောင်ကြသည်။ သားချီ မြေးပိုး



နှင့် ခြေကျင်လျှောက်သာကြသော ဘုရားဖူးများလည်း မနည်းပေ။ ရင်ပြင်တော်တွင် စည်ကားလှသည်။ စေတီတော်ကြီးကို လျှပ်စစ်မီးဖြင့် မပူဇော်နိုင်သော်လည်း ဆီမီးတို့ဖြင့် ထိန် ထိန် ညီး အောင် ပူဇော်ကြသည်။ မသိုးသင်္ကန်းရက် ပြိုင်ပွဲများလည်း ကျင်းပကြသည်။

တရိပ်ရိပ် တက်လာသော ကုန်ဈေးနှုန်းများကို ချုပ်ကိုင်ရန် နေပြည်တော် စည်ပင်ရေးအဖွဲ့က ကြိုးပမ်းသည်။ ကုန်သည် ပွဲစားကြီးများကို ဖိတ်ခေါ်၍ ညှိနှိုင်းသည်။အစိုးရက ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ ဆား၊ ငရုတ်၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိတို့ကို အရေးကြီးသော ကုန်ကိုးမျိုးဟု သတ်မှတ်သည်။ ထိုကိစ္စများကို ကုန်စည်ကြီးကြပ်ရေးဝန်က ဆောင်ရွက်သည်။ ကုန်သည် ပွဲစားကြီးများ ပါသော ထိုအဖွဲ့ကို နေပြည်တော် စည်းကမ်းသတ် ပွဲရုံကြီးကြီးဟု ခေါ်တွင်သည်။ အစည်းအဝေး များကို နေပြည်တော် စည်ပင်ရေးရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်လေ့ရှိသည်။ မြန်မာ၊တရုတ်၊ ကုလား ကုန်သည်ကြီးများနှင့် ကုန်စည် ကြီးကြပ်ရေးဌာန၊ လယ်ယာ စိုက်ပျိုးရေးဌာန၊ သမဝါယမဌာန၊ ကူး သန်း ရောင်း ဝယ် ရေး ဌာနမှ အရာရှိများ အစည်းအဝေး တက်ကြ ရ သည်။ ၁၉၄၃-ခု၊ နိုဝင်ဘာလ ၁၁-ရက်နေ့ နေပြည်တော် စည်ပင်ရေးရုံး စည်း ဝေး ခန်း မ ၌ ကျင်းပသော အစည်းအဝေးတွင် စည်းကမ်းသတ် ပွဲ ရုံ ကြီး ဟူ သော အမည်ကို ဗဟိုကုန်စည်ဒိုင်ကြီးဟု အမည်ပြောင်းလိုက်ကြသည်။

မဟာဗမာနေပြည်တော်

ဂျပန်ခေတ်အတွင်း ၁၉၄၃-ခု၊ ဩဂုတ်လ ၁-ရက်နေ့ မြန်မာ့ လွတ်လပ်ရေး ကြေညာသည့်နောက်ပိုင်းတွင် ရန်ကုန်မြို့ကို မဟာဗမာနေပြည်တော် ဟု ခေါ်တွင်သည်။ မဟာဗမာ နေပြည်တော်တွင် ရပ် ကွက် ၁၉-ခုပါဝင်သည်။ ထိုရပ်ကွက်များမှာ ဗဟန်း၊ တာမွေ၊ တောင်ညွန့်၊ ရေကျော်၊ ဗိုလ်ဘထောင်၊ ဗားဂရာ၊ အိုးဘို၊ အလုံ၊ ကန်တိုမင်၊ ကမာရွတ်၊ သင်္ကန်းကျွန်း၊ မရမ်းကုန်း၊ ဒလ၊ ဆိပ်ကြီး၊ ဘုန်းကြီးလမ်း ရပ်ကွက်၊ လတ္တာလမ်းရပ်ကွက်၊ ဆူးလေ ရပ်ကွက်၊ပန်းဘဲတန်းရပ်ကွက်၊ ပန်းဆိုးတန်း ရပ်ကွက်တို့ ဖြစ်ကြသည်။ နေပြည်တော် အဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ ဦးကျော်ဇံ၊ အတွင်းရေးမှူး သခင် ခင်မောင်နှင့် ရပ်ကွက် ကိုယ်စားလှယ်များ၊ လတ္တာလမ်း၊ ပန်းဘဲတန်း၊ ပန်းဆိုးတန်း၊ ဆူးလေဘုရားလမ်း ရဲဌာနတို့မှ ရဲဌာနမှူးများ၊ ဦးဘဘင် (မစ္စတာရာရှစ်)၊ ဦးတင် (မြန်မာ့အလင်း)၊ ဦးဘစိန် (ကုန်စည် ဖြန့် ဖြူး ရေး အ သင်း) နှင့်

စာဘဦးကြီးတို့ ပါဝင်သည်။ ရပ်ကွက် အလိုက် တာဝန် ခံများသည် အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဗဟန်းရပ်ကွက်၊
ဥက္ကဋ္ဌ ဦးသံခိုင်
အတွင်းရေးမှူး သခင်လှ

၂။ တာမွေရပ်ကွက်၊
ဥက္ကဋ္ဌ သခင်ဟံသာ
အတွင်းရေးမှူး
သခင်သောင်း

၃။ တောင်ညွန့်ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးဘိုးအိမ်
အတွင်းရေးမှူး ဦးတင်မြင့်

၄။ ရေကျော်ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးစိန်မွှေး
အတွင်းရေးမှူး ဦးတင်

၅။ ဗိုလ်တထောင်ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးဘိုးနှစ်
အတွင်းရေးမှူး
ဦးခင်မောင်ကြည်

၆။ ဗားဂရာရပ်ကွက်၊
ဥက္ကဋ္ဌ ဦးမြ
အတွင်းရေးမှူး
သခင်သန်းထွန်း

၇။ အိုးဘိုရပ်ကွက်၊
ဥက္ကဋ္ဌ ဦးဘအေး
အတွင်းရေးမှူး
သခင်ဘမောင်

၈။ အလုံ ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးကျော်ညိမ်း
အတွင်းရေးမှူး ကိုခင်ညွန့်

၉။ ကန်တိုမင် ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးသောင်း
အတွင်းရေးမှူး ကိုချစ်တင်

၁၀။ ကမာရွတ် ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးထွန်းရှင်
အတွင်းရေးမှူး ကိုဘမြင့်

၁၁။ သင်္ကန်းကျွန်း ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးဘတူ
အတွင်းရေးမှူး ကိုချစ်ခင်

၁၂။ မရမ်းကုန်း ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးမောင်မောင်
အတွင်းရေးမှူး
သခင် ထွန်းတိတ်ခင်

၁၃။ ဒလ ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးသာလှိုင်
အတွင်းရေးမှူး ဦးဘဟန်

၁၄။ ဆိပ်ကြီး ရပ်ကွက်၊
ဥက္ကဋ္ဌ ဦးစိန်
အတွင်းရေးမှူး ဦးဘအေး

၁၅။ ဘုန်းကြီးလမ်း ရပ်ကွက်၊
ဥက္ကဋ္ဌ [illegible]ွန်း
အတွင်းရေးမှူး ကိုမြ

၁၆။ လတ္တာလမ်း ရပ်ကွက်၊
ဥက္ကဋ္ဌ ရဲဌာနမှူး
အတွင်းရေးမှူးဦးသူတော်

၁၇။ ဆူးလေဘုရားလမ်းရပ်ကွက်၊
ဥက္ကဋ္ဌ ရဲဌာနမှူး
အတွင်းရေးမှူး ဦးထိန်

၁၈။ ပန်းဘဲတန်း ရပ်ကွက်၊
ဥက္ကဋ္ဌ ရဲဌာနမှူး
အတွင်းရေးမှူး ဦးဘဌေး

၁၉။ ပန်းဆိုးတန်း ရပ်ကွက်၊
ဥက္ကဋ္ဌ ရဲဌာနမှူး
အတွင်းရေးမှူး
ဦးဘသောင်း

ဂျပန်ခေတ်တွင် ရန်ကုန် နေပြည်တော်ရှိလမ်းများ အမည်သစ် ရပြန်သည်။ ရှေးမြန်မာ ဘုရင်များ လက်ထက်က လုပ်ငန်း၊ သို့မဟုတ် အရောင်းအဝယ် စသည်တို့ကို လိုက်၍ မှည့်ခေါ် ခဲ့သော ဖိနပ်တန်း၊ ဖက်တန်း၊ စာဆိုတန်း၊ စဉ့်အိုး တန်း၊ သံဖြူတန်း၊ ပန်းဘဲတန်း စသည့် အမည်များသည် ဗြိတိသျှ မြန်မာပြည်၏ မြို့တော် ရန်ကုန် ဖြစ်လာသောအခါ အင်္ဂလိပ်စစ်ဘက်၊ အုပ်ချုပ်ရေးဘက် အရာရှိကြီး များ ၏ အမည်များဖြင့် ပြောင်းလဲ ခေါ်တွင်ခြင်း ခံရသည်။ သို့မဟုတ် အမှတ်စဉ်ဖြင့် ခေါ်သော လမ်းအဖြစ်သို့ ရောက်သွားသည်။ ဤသို့ဖြင့် ရှေးမြန်မာခေတ် လမ်းအမည် များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ ကြသည်။ ဂျပန် ခေတ်တွင် တစ်ဖန် ထိုလမ်း အသီးသီးတို့သည် မြန်မာအမည်များဖြင့် ပြန်လည်မှည့်ခေါ်ခြင်း ခံရပြန်သည်။ ၁၉၄၄-ခု စက်တင်ဘာလ ၈-ရက်နေ့ အမိန့်ကြော်ငြာစာ အမှတ် ၉၂-ဖြင့် ရန်ကုန် နေပြည်တော် လမ်း ပေါင်း ၃၆-လမ်း ကို မြန်မာ အမည် သို့ ပြောင်းလဲ သတ်မှတ်သည်။ ဤသို့ဖြင့် ကော်မရှင်နာ လမ်း၊ မောင်ဂိုမာရီ လမ်းသည် ရန်နိုင်လမ်း၊ ကင်နယ်လမ်း+ဘီဂင်ဒက် လမ်းသည် ဥက္ကလာပလမ်း၊ ဒါလဟိုဇီ လမ်းသည် ဗန္ဓုလလမ်း၊ စပတ်လမ်းသည် ဇေယျလမ်း၊ စထရင်း လမ်းသည် ကမ်းနားလမ်း၊ လန်ကာတ်စတာ လမ်းသည် သရစိမ်းလမ်း၊ ဝွတ္တလစ်လမ်းသည် လွတ်လပ်ရေးလမ်း၊ ယူနီဗာစတီ အဗင်းနယူးသည် တက္ကသိုလ်လမ်း စသည်ဖြင့် အသီးသီးဖြစ်လာကြသည်။ သို့သော် အချို့ အမည်များသည် မတွင်ဘဲ စစ်ကြီး အပြီး လွတ်လပ်ရေး ရပြီးသည့်နောက်တွင် ပြန်လည်တိမ်မြုပ်သွားကြသည်။ ။

မကြန်

စာကိုး

၁။ လူထုဦးလှ၊ သတင်းစာများ ပြောပြသော စစ်တွင်း မြန်မာပြည်၊ ပဌမတွဲ၊ ဒုတိယတွဲ၊ မန္တလေး ၁၉၆၈

၂။ မြန်မာ့ခေတ်သတင်းစာ၊ ၁၉-၂၀ အောက်တိုဘာ ၁၉၄၄

၃။ မြန်မာနိုင်ငံတော်အစိုးရအမိန့်ပြန်တမ်း ပထမတွဲ၊ ၂၃ စက်တင်ဘာ ၁၉၄၄

၄။ Burma During the Japanese Occupation, Vol-2, Simla, 1944